**ကေအဲန်ယူ-ကရင့်အမျိုးသားအစည်းအရုံး**
**ဗဟိုဌာနချုပ်**
**ကော်သူးလေ**
www.knuhq.org

# ကရင်ရိုးရာ ဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာပွဲတော်သို့ ပေးပို့သော ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ သဝဏ်လွှာ

ကရင့်သက္ကရာဇ်-၂၇၆၂ ခုနှစ်၊ ထေးကူ(ဝါခေါင်)လပြည့်နေ့။
ခရစ်သက္ကရာဇ်- ၂၀၂၃ ခုနှစ် ဩဂုတ်လ (၃၁) ရက်။

ယနေ့သည် ကရင်လူမျိုးစုတစ်ခုလုံး၏ ဓလေ့ရိုးရာ **ဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာပွဲတော်နေ့** ဖြစ်ပါသည်၊ ဤကဲ့သို့သော မင်္ဂလာနေ့မြတ်တွင် ကရင့်ရိုးရာ ချည်ဖြူဖွဲ့မင်္ဂလာပွဲတော်ကို နှစ်စဉ် ဝါခေါင်လရောက်တိုင်း ကျင်းပကြရာ အခမ်းအနားသို့ ကြွရောက်ချီးမြှင့်လာကြသော ကရင့်လူမျိုးများနှင့် အခြားလူမျိုးများကို စိုးရိမ်ကြောင့်ကြမှုအမျိုးမျိုး၊ ခက်ခဲမှုအမျိုးမျိုးအပြင် ရန်သူမျိုးငါးပါးနှင့် ကင်းဝေးကြပြီး ချမ်းသာသုခများနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်း မေတ္တာပေးပို့အပ်ပါသည်။

**ကရင့်လူမျိုးအပေါင်းတို့-**

ယနေ့ ကရင့်အမျိုးသားလုံးဆိုင်ရာ ဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာပွဲတော် အခမ်းအနားသည် မိမိတို့ ကရင်လူမျိုးများအနေဖြင့် ဝါခေါင်လချည်ဖြူမင်္ဂလာကို ဖွဲ့လေ့ရှိသည့် ရိုးရာ၊ ဓလေ့ထုံးတမ်းအစဉ်အလာကို ကြည့်ခြင်းအားဖြင့် မိမိတို့ကရင်လူမျိုး၏ ကိုယ်ပိုင်ယဉ်ကျေးမှု၊ သမိုင်း၊ ထုံးတမ်းစဉ်လာနှင့် ရိုးရာဓလေ့များသည် ရှေးပဝေသဏီကတည်းကပင်တည်ရှိခဲ့ပြီး ဘိုးဘေးဘီဘင်များမှ သားစဉ်မြေးဆက်သို့ ဆင့်ကဲဆင့်ကဲ သယ်ဆောင်လာကြသည်ကို သိရှိနားလည်ထားကြရန် လိုအပ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ဤရိုးရာယဉ်ကျေးမှုနှင့် ထုံးတမ်းစဉ်လာများသည် မိမိတို့၏ ဘိုးဘေးဘီဘင်များမှတဆင့် ယနေ့ထက်ထိတိုင် လက်ဆင့်ကမ်း ကျင်းပလာခဲ့ကြခြင်း ဖြစ်ပါသည်။

ကရင့်အမျိုးသားလုံးဆိုင်ရာ ကရင့်ရိုးရာ ဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာနှင့် ဓလေ့ထုံးတမ်းများသည် မိသားတစုအပြင် အမျိုးသားလုံးဆိုင်ရာ စည်းလုံးညီညွတ်မှုကို ဖော်ညွှန်းထားသည့် မင်္ဂလာအခမ်းအနား ဖြစ်ပါသည်။ မိမိတို့၏ ကရင့်ရိုးရာချည်ဖြူမင်္ဂလာသည် ရပ်ဝေးရပ်နီးရှိ မိသားစုတစုအပြင် လူမျိုးတမျိုးလုံးကို ပြန်လည်စုရုံးစေပြီး ပေါင်းသင်းဆက်ဆံမှုများမှတဆင့် အပြန်အလှန် သိကျွမ်းရင်းနှီးပြီးနောက် စည်းလုံးညွတ်မှုကို တည်ဆောက်စေလိုသည့် ပွဲတော်အခမ်းအနား ဖြစ်ပါသည်။ ထို့ကြောင့် ဤကရင်တမျိုးသားလုံးဆိုင်ရာ ချည်ဖြူဖွဲ့မင်္ဂလာသည် စည်းလုံးညီညွတ်မှုကို ပြန်လည်အောက်မေ့၊ သတိရစေလိုသည့် မင်္ဂလာနေ့ရက် ဖြစ်ပါသည်။

သို့ရာတွင် အခြေအနေ အရပ်ရပ်ကြောင့် မိမိတို့ အမျိုးသားများသည် အရပ်ဒေသများနှင့် နိုင်ငံအများအပြားတို့တွင် ပျံ့နှံ့နေထိုင်နေကြရသည်။ ထို့ကြောင့် မိမိတို့ ကရင့်အမျိုးသားများအနေဖြင့် မိမိတို့၏ ရောက်ရှိရာအရပ်ဒေသများတွင် စည်းလုံးညီညွတ်မှုကို ပုံစံအမျိုးမျိုးဖြင့် ဖော်ဆောင်ကြရပါမည်။ မိမိတို့၏ မိသားစုနှင့် မိမိတို့၏ လူမျိုးများကို ပြန်လည်ကူညီထောက်ပံ့ကြရပါမည်။ အထူးသဖြင့် ယခုကဲ့သို့ ခက်ခဲသောအချိန်ကာလမျိုးတွင် တတ်နိုင်သည့်ဘက်မှ နည်းလမ်းများရှာကြံပြီး အပြန်အလှန် ထောက်ပံ့ကူညီနိုင်ရန် ကြိုးစားအားထုတ်ကြရပါမည်။ စည်းလုံးညီညွတ်မှုကို ပြန်လည်ရယူရပါမည်။ အပြန်အလှန် အားပေးမှုများကို လုပ်ဆောင်ကြရပါမည်။

**ကရင့်လူမျိုးအပေါင်းတို့-**

ကရင့်အမျိုးသားတို့၏ ရိုးရာ ဂါခေါင်လချည်ဖြူဖွဲ့မင်္ဂလာသည် မိမိတို့၏ ဘိုးဘေးဘီဘင်များမှ ခေတ်အဆက်ဆက်က လက်ဆင့်ကမ်းရယူခဲ့ကြသည့် ရိုးရာထုံးတမ်းအစဉ်အလာ ဖြစ်သည့်သောကြောင့် ယုံကြည်ကိုးကွယ်မှုများမှ ဆင်းသက်လာသည့် ထုံးတမ်းအစဉ်အလာ မဟုတ်ပေ၊ ယခုခေတ်သစ်တွင် တည်ထွင်ကြံဆထားသည့် ထုံးတမ်းအစဉ်အလာလည်း မဟုတ်ပေ၊ ကြီးမြတ်ပြီး တန်းဖိုးမဖြတ်နိုင်သည့် ဘိုးဘေးဘီဘင်များမှ လက်ဆင့်ကမ်း ရယူထားသည့် ထုံးတမ်းအစဉ်အလာလည်း ဖြစ်ပါသည်၊ ကရင်လူမျိုးတို့သည် လူမျိုးတမျိုးတွင် ရှိသင့်ရှိအပ်သည့် ကိုယ်ပိုင် စာပေ၊ သမိုင်းနှင့်ယဉ်ကျေးမှု လက္ခဏာရပ်များ အပြည့်အဝရှိသည့် လူမျိုးတမျိုးဖြစ်သည့်အားလျော်စွာ ယခုနှစ်သည်လည်း ကရင့်လူမျိုးများ၏ ကရင့်သက္ကရာဇ်- ၂၇၆၂ ခုနှစ် ဖြစ်သောကြောင့် မိမိတို့၏လူမျိုးသည် အစဉ်အလာ ကြီးမားသည့် လူမျိုးတမျိုး ဖြစ်ပါသည် လူမျိုးသိမ်၊ လူမျိုးငယ်ကလေးတခု အလျဉ်း မဟုတ်ပေ။

ထို့ကြောင့် လူမျိုးတမျိုးအနေဖြင့် မိမိတို့၏ သမိုင်း၊ စာပေ၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများကို ထိန်းသိမ်းကာကွယ်ပြီး မြှင့်တင်နိုင်ရန်အတွက် တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ အပြည့်အဝ ရှိရပါမည်။ ထိုကဲ့သို့သော အာမခံချက်များရရှိနိုင်ရန် နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အတည့်အလင်း ရေးဆွဲပြဋ္ဌာန်းထားရပါမည်။ လူမျိုးတမျိုးအနေဖြင့် မိမိတို့ အမျိုးသားများ၏ တိကျသည့် လုံခြုံရေးဆိုင်ရာ စီမံချက်နှင့် အခင်းအကျင်းများ ထားရှိရန်လည်း လိုအပ်ပါသည်။ အထူးသဖြင့် နိုင်ငံရေးအရ မတည်ငြိမ်မှုနှင့် နိုင်ငံရေးအရ ရှုပ်ထွေးနေမှုများ ဖြစ်နေချိန်တွင် မိမိတို့ ကရင်အမျိုးသားများ၏ ရပ်ရွာနှင့် အသက်၊ အိုးအိမ်၊ စည်းစိမ်တို့ကို ကာကွယ်စောင့်ရှောက်ရမည့် လုပ်ငန်းများကို နံပါတ်(၁)နေရာတွင် ထားရှိပြီး လုပ်ဆောင်ရန် လိုအပ်ပါသည်။

**ကရင်လူမျိုးအပေါင်းတို့-**

ယနေ့တွင် ကျရောက်သည့် ကရင့်အမျိုးသားလုံးဆိုင်ရာ ဂါခေါင်လချည်ဖြူဖွဲ့မင်္ဂလာ အခမ်းအနားသည် မိမိတို့ ကရင့်အမျိုးသားများအနေဖြင့် တန်ဖိုးမဖြတ်နိုင်သည့် သမိုင်း၊ ရိုးရာ ယဉ်ကျေးမှုနှင့် ထုံးတမ်းစဉ်လာများ ရှိနေသည်ကို ရည်ညွှန်းပြသသည့် နေ့တနေ့ ဖြစ်ပါသည်။ ကရင့်အမျိုးသားများသည် အမျိုးသားရေးဆိုင်ရာ ရည်ရွယ်ချက်၊ ရည်မှန်းချက်များအပြင် တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်များ ရရှိရေးအတွက် ကြိုးစားတိုက်ပွဲဝင်နေသည့် အခင်းအကျင်းများလည်း ရှိပါသည်။

အခြေအနေ အရပ်ရပ်ကြောင့် မိမိတို့ ကရင့်လူမျိုးများအနေဖြင့် ပြည်တွင်း၌သော်လည်းကောင်း၊ ပြည်ပနိုင်ငံများတွင်သော်လည်းကောင်း သွားရောက်အခြေချ နေထိုင်ကြရသော်လည်း စိတ်အားညှိုးငယ်စရာ အကြောင်းမရှိပေ။ အဘယ့်ကြောင့်ဆိုသော် မိမိတို့ ကရင်တမျိုးသားလုံးဆိုင်ရာ ဂါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာနေ့ အခမ်းအနားသည် ရိုးရာ၊ ဓလေ့ထုံးတမ်းများအပြင် အမျိုးသားရေးစိတ်ဓာတ် အပြည့်အဝရှိသည့် လူမျိုးဖြစ်ပြီး အမျိုးသားရေးဆိုင်ရာ အမြင်နှင့် အမျိုးသားရေးဆိုင်ရာ ပြန်လည်စုစည်းရေး အခင်းအကျင်းများလည်း ရှိနေသည်ကို ဖော်ညွှန်းပြသနေပါသည်။ ထို့အပြင် အမျိုးသားရေးသတိ၊ အမျိုးသားရေး အသိအမြင်နှင့် အမျိုးသားရေးဆိုင်ရာ ကြိုးပမ်းမှုများလည်း စဉ်ဆက်မပြတ် ရှိနေပါသည်။

ယနေ့ **ကရင့်အမျိုးသားလုံးဆိုင်ရာ ဂါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာနေ့** အခမ်းအနားသို့ တက်ရောက် ပါဝင်ရန် အခြေအနေမပေးသည့် ကရင့်အမျိုးသားများတို့ အနေဖြင့်လည်း စိတ်အားငယ်ချင်း အလျဉ်းမရှိဘဲ မိမိတို့ ကရင့်အမျိုးသားများ၏ ကံကြမ္မာနှင့် နိုင်ငံရေးရည်မှန်းချက်များ ပြီးမြောက်အောင်မြင်သည်အထိ အပြန်အလှန် ဆုတောင်းမေတ္တာ ပို့သခြင်း၊ ကူညီခြင်းနှင့် ထောက်ပံ့ပေးခြင်းစသည့် ယိုင်းပင်းကူညီမှုများတို့ကို ပြုလုပ်နိုင်ပါစေကြောင်း ပြည်တွင်းပြည်ပရှိ ကရင်တမျိုးသားလုံးအတွက် ဆုမွန်ကောင်းတောင်းမေတ္တာ ပို့သရင်း ဤ **သဝဏ်လွှာ** အား ပေးပို့အပ်ပါသည်။

**ကေအဲန်ယူ-ကရင့်အမျိုးသားအစည်းအရုံး**

**ဗဟိုဌာနချုပ်**